မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၁၀ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၄၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
✻ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
✻ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

✻ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Hoang Trung Hai အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr.Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ *စာမျက်နှာ ၃ ကော်လံ ၁* ◆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၁၀ ရက်)

ဈေးကွက်ဝင်လက်ဖက်များ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်

နိုင်ငံတော်အစိုးရက နိုင်ငံအဝန်း စိုက်ပျိုးမြေများကို ရှာဖွေဖော်ထုတ်စိုက်ပျိုးလျက်ရှိရာ ယခင်က မြေလွတ်မြေရိုင်းဧက ၂၆ သန်းကျော် အသုံးမချနိုင်သည့်အခြေအနေမှ ယခုအခါ ဧက ၁၁ ဒသမ ၇ သန်းကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်စိုက်ပျိုးနိုင်ခဲ့သည်။

သီးနှံအထွက်ကောင်းရေးအတွက် စိုက်ပျိုးနည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် ဓာတ်မြေဩဇာရရှိရေး ပံ့ပိုးပေးလျက်ရှိသည့်အပြင် စိုက်ပျိုးရေရရှိရေးအတွက် ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင် စီမံကိန်းများကိုလည်း နည်းလမ်းပေါင်းစုံဖြင့် ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသည်။

စိုက်ပျိုးသီးနှံများ တိုးမြှင့်ထုတ်လုပ်ရာတွင် လူအများ အကြိုက်ဆုံးသီးနှံတစ်မျိုးဖြစ်သည့် လက်ဖက် စိုက်ပျိုးခြင်းသည်လည်း အပါအဝင်ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံ၌ လက်ဖက်စားသုံးမှုသည် ရေးနှစ်ပေါင်း များစွာကပင် တွင်ကျယ်လာခဲ့သည်။ လက်ဖက်ရွက်မှတစ်ဆင့် လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက် အချိုခြောက် စသဖြင့် ပြောင်းလဲထုတ်လုပ် စားသုံးလာခဲ့ကြသည်။

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် လက်ဖက်ကိုအများဆုံးစိုက် ပျိုးလျက်ရှိပြီး ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ်ဖြစ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မင်းဘူးခရိုင် ငဖဲမြို့နယ် နတ်ရေကန်တောင်ဒေသနှင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဥယျာဉ်ဒေသများတွင် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်း များကို အကောင်အထည်ဖော်လျက်ရှိသည်။ ယခုအခါ ပျဉ်းမနားအရှေ့ခြမ်း တောင်ပေါ်ဒေသများတွင် လက်ဖက်များကို နှစ်စဉ် တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

လက်ဖက်ကို တောင်ယာများတွင် စိုက်ပျိုးခြင်းဖြင့် ရာသီဥတုဆိုးရွားမှုကို ကာကွယ်နိုင်သည့်အပြင် ဂေဟစနစ်ပျက်စီးမှုများကိုလည်း လျော့နည်းစေကာ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ် သည်။

လက်ဖက်သည် လူအများ ကြိုက်နှစ်သက်သည့် သီးနှံတစ်မျိုးဖြစ်ပြီး လူသုံးကုန်ပစ္စည်းထုတ်လုပ် ရာတွင် ကုန်ကြမ်းပစ္စည်းတစ်မျိုးအဖြစ် အသုံးပြုနိုင်သည့်အပြင် ကမ္ဘာ့ဈေးကွက်ဝင် စားသုံးကုန်ပစ္စည်းလည်း ဖြစ်လာသဖြင့် အရည်အသွေးကောင်းသောလက်ဖက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးပါက တောင်သူများ ဝင်ငွေ တိုးပြီး နိုင်ငံ့စီးပွားလည်း ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိခင်ရင်သွေးကျန်းမာရေး ထောက်ပံ့ပစ္စည်းများပေးအပ်

ဘိုကလေး ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများသည် ဇွန် ၂ ရက်က ဖျာပုံခရိုင် ဘိုကလေးမြို့နယ်ရှိ မိခင် ရင်သွေး ကျန်းမာရေး ရိပ်မြုံတွင် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ချောင်းကြီး ကျေးရွာမှ ကိုယ်ဝန်ဆောင်မိခင် ဒေါ်ခင်ပပကြည် မိသားစုအား ဆန်၊ ကြက်ဥ၊ ကွေကာအုပ်နှင့် ငွေကျပ် တစ်သောင်းကို ထောက်ပံ့ပေးအပ် ခဲ့ကြောင်း သိရှိရသည်။**(အပေါ်ယာပုံ)**

(ခရိုင် ပြန်/ဆက်)

ပြင်ပလူနာဌာန အဆောက်အအုံသစ်တည်ဆောက်ရေး အင်းစိန်မြို့နယ်၌ အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၉

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်း ခရိုင် သက်ကြီးရွယ်အိုအထူးကု ပြင်ပ လူနာဌာန အဆောက်အအုံသစ်ကြီး အတွက် အလှူငွေပေးအပ်ပွဲအခမ်း အနားကို ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီက အင်းစိန်မြို့နယ်ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနေလင်းက အမှာစကားပြောကြား သည်။

ထို့နောက် အလှူငွေပေးအပ် လှူဒါန်းရာ စော်ဘွားကြီးကုန်း ရပ်ကွက်မှဦးဇော်ဝင်း(Royal Club) က ငွေကျပ်သိန်း၁၀၀၊ စွမ်းအားသစ် မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးဌမ်း၊ ကိုမျိုး(မျိုးဆောက်လုပ်ရေး) က ငွေကျပ် တစ်သိန်းငါးသောင်း၊ ဦးတင်မောင်ဝင်းက သဲဆယ်ကျင်းနှင့် ငွေကျပ်တစ်သိန်း ခြောက်သောင်း တို့ကိုပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ် ရေးမှူးနှင့် တာဝန်ရှိသူတို့က လက်ခံယူ ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

အိုလံပစ်နေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၁၁ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် စားပွဲတင် တင်းနစ်ပြိုင်ပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန် ဝင်းအတွင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ကြမည့် စားပွဲတင် တင်းနစ်အားကစား မောင်၊မယ်များ သည် ဇွန် ၁၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ ချုပ်သို့ စာရင်းသွင်းရမည်ဖြစ်ပြီး အသေးစိတ်ကို ဖုန်း-၀၁-၃၈၇၉၉၄ နှင့်၀၁-၃၈၇၉၉၅ တို့ထံသို့ စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

ကြီးကြပ်ဆောင်ရွက်

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂) ဈေးအတွင်း သန့်ရှင်းရေးလုပ်ငန်းကို မေ ၂၇ ရက်က ဒုတိယဦးစီးမှူး (ဈေး) ဦးအောင်မြင့်ထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (၀၆၆)

ဝက်နားရွက်ပြာရောဂါကာကွယ်ထိန်းချုပ်ရေး လှည်းကူး၌ပညာပေးဟောပြော

လှည်းကူး ဇွန် ၉

လှည်းကူးမြို့နယ်အတွင်း ဝက် နားရွက်ပြာရောဂါ ထိန်းချုပ်မည့် နည်းလမ်းများအကြောင်း အသိပညာ ပေးဟောပြောပွဲကို ဇွန် ၇ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာ/အခွန်၊ သစ်တောနှင့် သားငါး ဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်က အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ မြင့်သိန်းက မြန်မာနိုင်ငံ အတွင်းဖြစ်ပွားလျက်ရှိသော ဝက် နားရွက်ပြာရောဂါနှင့် ကာကွယ် ထိန်းချုပ်မှု လုပ်ငန်းများအကြောင်း ဆွေးနွေးပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မွေးမြူရေးနှင့်ကုသ ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူး ဒေါက်တာစိုးဝင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လှည်းကူးမြို့နယ် မြို့နယ်ဦးစီးမှူး ဒေါက်တာ မေဝင်းရွှေတို့က လှည်းကူး မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိ သော ဝက်ရောဂါကာကွယ်ထိန်းချုပ်မှု နည်းလမ်းများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်ခဲ့

ယင်းနောက် တာဝန်ရှိသူများက ရပ်ကွက်နှင့် ကျေးရွာများရှိ တစ်ပိုင် တစ်နိုင် ဝက်မွေးမြူသူများအတွက် မွေးမြူရေးသုံး ပိုးသတ်ဆေးများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် မွေး/ကု)

◆ **ရှေ့ဖုံးမှ**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chu Cong Phung နှင့် သံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❖ **ကျောဖုံးမှ**

ဆည်မြောင်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H. E. Mr. Hoang Trung Hai နှင့်အတူ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chu Cong Phung တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက အဆွေတော် ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုပါကြောင်းနှင့် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကို ရှင်းလင်းပြောကြားပြီး နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များတွင် မြန်မာနိုင်ငံအပေါ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံက ထောက်ခံအားပေးမှုများကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

အမြင်ချင်းဖလှယ်

ထို့နောက် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် နှစ်နိုင်ငံနားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့၏ ရှေ့မှောက်၌ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Nguyen Cong Nghiep တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

အခမ်းအနားတွင် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့၏ ရှေ့မှောက်၌ မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံဘဏ္ဍာရေး ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာကို ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Nguyen Cong Nghiep တို့ကလည်းကောင်း၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့အကြား အသားကဏ္ဍဆိုင်ရာ နားလည်မှု စာချွန်လွှာကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့်ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Hoang Van Thang တို့ကလည်းကောင်း အသီးသီး လက်မှတ်ရေးထိုးကြပြီး စာချွန်လွှာများကို အပြန်အလှန်လဲလှယ်ကြသည်။

တည်ခင်းဧည့်ခံ

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ညပိုင်းတွင် နေပြည်တော်ရှိမြတ်တော်ဝင် ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ဆက်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Hoang Trung Hai ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဇွန် ၉

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Hoang Trung Hai ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

အဆိုပါ ဗီယက်နမ် ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာကံဇော်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Chu Cong Phung၊ စစ်သံမှူး Sr. Colonel Nguyen Van Vui နှင့် သံရုံးမှ တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပျိုးပွဲတော် ကြံခင်းမြို့၌ကျင်းပ

ကြံခင်း ဇွန် ၉

ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၄ ရက် နံနက် ၈ နာရီက ဇီးပင်ကွင်းကလေးကျေးရွာ ပုသိမ်-မုံရွာ ကားလမ်း မိုင်တိုင်အမှတ် (၁၂၉/၄)၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းက အမှာစကားပြောကြားပြီး မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးဝင်းမြင့်(၅)က ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ အခမ်းအနားသို့တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ စုပေါင်း၍ ကျွန်းပျိုးပင်ပေါင်း ၅၇၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ် ထွေ/အုပ်)

မြန်မာ့ရုပ်မြင်သံကြား

၁၀-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၅	၇။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၅	၈။	**ဆေးဝါးယဉ်ပါးမှုအန္တရာယ် ကာကွယ်ဖို့ အားလုံးပူးပေါင်း တိုက်ဖျက်စို့**
၈:၃၀	၉။	တေးဂီတအစီအစဉ်
၈:၄၀	၁၀။	International News
၈:၄၅	၁၁။	အဆိုပြိုင်ပွဲ
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၀	၂။	တေးဂီတအစီအစဉ်
၄:၂၀	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၃၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၄၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၀	၆။	နှောင်းခေတ်တေးပဒေသာ
၅:၀၅	၇။	မြန်မာစာ၊မြန်မာစကား
၅:၂၀	၈။	**ဟူးကောင်း ကျားထိန်းသိမ်းရေး နယ်မြေဆီသို့**
၅:၃၅	၉။	ရိုးသားဖြူစင် ကလေးတို့အသွင်
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၁၅	၁၁။	မိုးလေဝသအခြေအနေ
၆:၂၀	၁၂။	**ရသစုံလင်အင်တာနက် ဥယျာဉ်**
၇:၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်**(ဒုတိယတွဲ) (အပိုင်း-၄၀)(ဇာတ်သိမ်းပိုင်း)
၈:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**လျှပ်တစ်ပြက်ဟာသများ**
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၄)
	၁၉။	**သီချင်းချစ်သူ** အထူးအစီအစဉ် (အပိုင်း-၂၁)
	၂၀။	အစီအစဉ်ပြီး၏။

လွှတ်တော်သည်သာ နိုင်ငံတော်၏ အနာဂတ်အတွက် ဆွေးနွေးမှုများပြုလုပ်ရန် အသင့်လျော်ဆုံးနေရာဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်လိုသူများအတွက် အစဉ်တံခါးဖွင့်ထား

မြန်မာနိုင်ငံအနေဖြင့် အီးယူအပါအဝင် နိုင်ငံအားလုံးနှင့် ဆက်ဆံရေးတိုးတက်ရန် သန္နိဋ္ဌာန်ချထား

နေပြည်တော် ဇွန် ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့နှင့် ဂိုဒိုလိုမြို့တို့၌ ဇွန် ၆ ရက်မှ ၇ ရက်အထိ ကျင်းပသည့် အာရှ-ဥရောပ ဆွေးနွေးပွဲ(အေဆမ်)(၁၀)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

တက်ရောက်

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဇွန် ၆ ရက် မွန်းလွဲပိုင်းတွင် ဥရောပသမဂ္ဂအဆင့်မြင့်ကိုယ်စားလှယ်နှင့် ဥရောပကော်မရှင် ဒုတိယ အကြီးအကဲ မစ္စကက်သရင်း အက်ရှ်တန်နှင့် ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရာနိုးစ်မာတိုညီတို့က ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်သော အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။ အဆိုပါ နေ့လယ်စာ စားပွဲသို့ အေဆမ်အဖွဲ့ဝင်(၄၈)နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်သဘော နေ့လယ်စာစားပွဲတွင် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများသည် ဥရောပ၊ အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အာရပ်ကမ္ဘာတို့၌ ဖြစ်ပေါ်ခဲ့သည့်အခြေအနေများ အပါအဝင် ဒေသဆိုင်ရာကိစ္စရပ်များအပေါ် ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ခံရသော ကိုယ်စားလှယ်များ တက်ရောက်သည့် လွှတ်တော်အသီးသီး၏ ပထမအကြိမ် အစည်းအဝေးများ အောင်မြင်စွာ ကျင်းပခဲ့ပြီး မတ် ၃၀ ရက်တွင် မြန်မာနိုင်ငံ၌ အစိုးရသစ် ပေါ်ပေါက်လာခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ဆယ်စုနှစ်(၅)စုနီးပါး အချိန်ကာလအတွင်း ပါလီမန်ဒီမိုကရေစီစနစ်အရ ပထမဆုံးအကြိမ် ဒီမိုကရေစီနည်းလမ်းဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံရသည့် အစိုးရဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မတ် ၃၀ ရက်တွင် လွှတ်တော်၌ ပြောကြားသည့် မိန့်ခွန်းတွင် အစိုးရ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် မူဝါဒလမ်းညွှန်ချက်များကို ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ယင်းမိန့်ခွန်းကို ပြည်သူများက လက်ခံကြသကဲ့သို့ နိုင်ငံတကာ အသိုက်အဝန်းကလည်း ကြိုဆိုခဲ့ကြကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်တည်ဆောက်ရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အစိုးရကဆောင်ရွက်မည့် အစီအစဉ်များတွင် အထူးဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ကြကြောင်း၊ အစိုးရအနေဖြင့် ပွင့်လင်း၍ မှန်ကန်သည့် ဈေးကွက်စီးပွားရေးကိုအခြေခံပြီး ခိုင်မာသောစီးပွားရေး အခြေခံကောင်းများကို ဖန်တီး၍ တိုင်းရင်းသားအားလုံး၏ လူမှုစီးပွားဘဝ တိုးမြှင့်ရေးနှင့် ပညာရေးနှင့် ကျန်းမာရေး အဆင့်အတန်းတိုးမြှင့်ရေးတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လူ့အခွင့်အရေးကို တိုးမြှင့်ကာကွယ်ရေးတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ မူဝါဒလမ်းစဉ်(၇)ရပ်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံလိုသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ ပြည်တွင်း ပြည်ပတွင်ရှိနေကြကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားကို အမှန်တကယ် ဆောင်ရွက်လိုသောဆန္ဒရှိပါလျှင် နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်ပြီး ရွေးကောက်ပွဲများ၌ ဝင်ရောက်အရွေးခံ၍ ရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ်များအဖြစ် လွှတ်တော်၌ နိုင်ငံရေးရာကိစ္စရပ်များကို ဆွေးနွေး ဆောင်ရွက်ရာတွင်ပါဝင်ဆောင်ရွက်သင့်ကြောင်း၊ လွှတ်တော်သည်သာ နိုင်ငံတော်၏ အနာဂတ်အတွက် ဆွေးနွေးမှုများပြုလုပ်ရန် အသင့်လျော်ဆုံးနေရာဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင် ဆောင်ရွက်လိုသူများအတွက် အစဉ်တံခါးဖွင့်ထားပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂ(အီးယူ)တို့၏ ဆက်ဆံရေးနှင့်ပတ်သက်၍ အီးယူသည် ၁၉၉၀ ပြည့်နှစ်မှစတင်၍ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီတို့ကို အကြောင်းပြုကာ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ပိတ်ဆို့ကန့်သတ်မှုများကို ပြုလုပ်ခဲ့ကြောင်း၊ အီးယူ၏ ဘုံရပ်တည်ချက်အရ ချမှတ်သော ယင်းပိတ်ဆို့ကန့်သတ်မှုများကို ၂၀၀၄ ခုနှစ်မှ စတင်၍ နှစ်စဉ် သက်တမ်းတိုးမြှင့်ခဲ့ကြောင်း၊ ယင်းပိတ်ဆို့ကန့်သတ်မှုများသည် ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် မြန်မာပြည်သူများ၏ အခြေခံလူ့အခွင့်အရေးများကို မည်သို့မျှ အကျိုးမဖြစ်ထွန်းစေခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အီးယူအပါအဝင် နိုင်ငံအားလုံးနှင့်ဆက်ဆံရေး တိုးတက်ရန် သန္နိဋ္ဌာန်ချထားကြောင်း၊ အပြုသဘောဆောင်မှု၊ အပြန်အလှန်နားလည်မှုနှင့် တန်းတူရည်တူရှိမှုတို့အပေါ်အခြေခံ၍ ပြည်သူများ၏ အကျိုးစီးပွားအတွက် အီးယူနှင့် လက်တွဲ ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

တည်ခင်းဧည့်ခံ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ပထမပိုင်းနှင့် ဒုတိယပိုင်း စုံညီအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးများတွင် အေဆမ်နိုင်ငံခြားရေး ဝန်ကြီးများသည် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဘူဒါပက်စ်မြို့ရှိ အနုပညာပြတိုက်၌ ကျင်းပသော အေဆမ်နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များအား ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီးကဂုဏ်ပြုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဆွေးနွေး

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် တတိယပိုင်းနှင့် စတုတ္ထပိုင်း စုံညီအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးများတွင် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများသည် စီးပွားရေးနှင့် ဘဏ္ဍာရေး အကျပ်အတည်းတွေ့မှုမှ ပြန်လည် နာလန်ထူလာမှု၊ အေဆမ် ပူးပေါင်းဆောင်ရွက်မှု မဏ္ဍိုင်(၃)ရပ်၊ အေဆမ်နှင့် လူမှုရေးအဖွဲ့အစည်းများ ကိစ္စများအပေါ် ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့သည်။ စတုတ္ထပိုင်းစုံညီအစည်းအဝေးအပြီးတွင် ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီးက အစည်းအဝေး နိဂုံးချုပ် မိန့်ခွန်းပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာရှ-ဥရောပ ဆွေးနွေးပွဲ(အေဆမ်) (၁၀)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အမြင်ချင်းဖလှယ်

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဟန်ဂေရီနိုင်ငံ၌ အစည်းအဝေး တက်ရောက်နေစဉ်အတွင်း လူဇင်ဘတ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျိမ်းအက်ဇယ်လ်ဘွန်း၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာကဲအိကိ မတ်ဆူမိုတို၊ သြစတြေးလျနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကယ်ဗင် ရပ်ဒ်၊ ဆလိုဗေးနီးယား နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆမ်မြူရယ် ဇိုဗိုဂါ၊ ဖင်လန် Under Secretary of State မစ္စတာဂျက်ကို လာဂျာဗာ၊ သြစတြီးယားစိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဟောင်းနှင့်စိုက်ပျိုးရေး၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ရေလုပ်ငန်းဆိုင်ရာ အီးယူကော်မရှင်နာဟောင်း ဒေါက်တာ ဖရန့်စ် ဖစ်ရှလာတို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း ပဲခူးမြို့နယ် ကမာနတ်ကျေးရွာ မဟာဓာတ်အားခွဲရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကမာနတ်ဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ပဲခူးမြို့နယ် ကမာနတ်ကျေးရွာ မဟာဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား လုံခြုံမှုကို အထူးဂရုပြုရန်၊ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်၊ ဓာတ်အားခွဲရုံလုံခြုံရေး တာဝါတိုင်များလုံခြုံရေး ဂရုပြုဆောင်ရွက်ရန်၊ ဓာတ်အားလျော့နည်း ပျောက်ဆုံးမှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်၊ ပြည်သူလူထုထံသို့ လျှပ်စစ်မီးအပြည့်အဝ ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဓာတ်အားခွဲရုံအတွင်း ဆောင်ရွက်လျက်ရှိသည့် ဓာတ်အားထိန်းချုပ်ခန်း၊ 230 KV Switch Yard အခန်းနှင့် ကမာနတ်ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေတို့ကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ရွှေမော်ဓောစေတီအနီး သာသနာ့ဗိမာန်တော်ကြီးဝင်းအတွင်းရှိ မြို့နယ်မော်ကွန်းတိုက် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ မိုးပိုလာမည်

နေပြည်တော် ဇွန် ၉

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့ သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

ဇွန် ၁၀ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ဦးဝန်စာကြည့်တိုက်နှင့် အလင်းစေတမန်စာကြည့်တိုက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

ကျေးလက်ပြည်သူများ စာပေဖတ်ရှုမှု ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၉

ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၆ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာအုပ်စု နှောကန်ကျေးရွာ၌ ကျင်းပသည့် "ဦးဝန်" စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများလည်း တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပုလဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမြင့်တို့က "ဦးဝန်" စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက "ဦးဝန်" စာကြည့်တိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ စနစ်တကျထားရှိမှုနှင့် စာငှားကတ်စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ စာပေဖတ်ရှုလေ့လာနေကြသည့် ပြည်သူများအား နှုတ်ဆက်အားပေးသည်။

တက်ရောက်

ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ပုလဲမြို့နယ် အလယ်ဘုံကျေးရွာ၌ ကျင်းပသည့် "အလင်းစေတမန်" စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပုလဲမြို့နယ် အုပ်ချုပ်ရေးမှူး၊ ပုလဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် အလယ်ဘုံကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်တို့က "အလင်းစေတမန်" စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက "အလင်းစေတမန်" စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း ကျေးလက်ပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်ခလုတ်နှိပ် ဖွင့်လှစ်

ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း "ဦးဝန်" စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်း "အလင်းစေတမန်" စာကြည့်တိုက်အတွင်း စာပေဖတ်ရှု လေ့လာနေကြသူများအား နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

ဆင်းရဲနွမ်းပါးသော ပြည်သူများဝင်ငွေတိုးရေး ငွေစုငွေချေးအသင်းများ ဖွဲ့စည်းပေး ရက် ၆၀ ဆပ်စနစ် ချေးငွေများ ထုတ်ချေး

နေပြည်တော် ဇွန် ၉

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ကျည်တောင်ကျေးရွာ၊ အောင်ဇေယျစံပြကျေးရွာ၊ သိုက်ချောင်းကျေးရွာ၊ ရေဆင်းကျေးရွာနှင့် ညောင်ပင်ကြီးစုကျေးရွာတို့သို့ သွားရောက်၍ လက်လုပ်လက်စားအလုပ်သမားများ၊ ဆိုင်ကယ် Taxi မောင်းသူများ၊ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များ၊ လက်လီလက်ကား ဈေးရောင်းသူများ၊ ပြည်သူများနှင့်တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးသော ပြည်သူများ ဝင်ငွေတိုးပွားရေးအတွက် ငွေစုငွေချေးအသင်းများ ဖွဲ့စည်းပေးပြီး ရက် ၆၀ ဆပ်စနစ်ဖြင့် ချေးငွေများကို ကိုယ်တိုင်ကိုယ်ကြပ် ထုတ်ချေးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထုတ်ချေး

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ကျေးရွာများ၌ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးသောပြည်သူများ ဝင်ငွေတိုးပွားရေးအတွက် ချေးငွေများကို ကိုယ်တိုင်ကိုယ်ကြပ် ထုတ်ချေးပေးစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် အာဋ္ဌာနာဋိယသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ **တရားဆောင်သူနှင့် မဆောင်သူ** တရားတော် (အရှင်ဥတ္တရ ကျိုက်ဒေးယျုံဆရာတော်)
- ၆း၄၀ သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၀)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၈)
- ၈း၅၀ Activities in the City (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အငြိမ်းစားဝန်ထမ်းများ **သက်ကြီးပူဇော်ပွဲ**)
- ၉း၀၅ အထက(၄)သာကေတ၏ မြတ်ဆရာပူဇော်ပွဲအခမ်းအနား
- ၉း၁၅ သဒ္ဒါကြည်ဖြူကုသိုလ်ယူ အမှတ်(၃)အခြေခံပညာဦးစီးဌာန၏ ပဗ္ဗဇ္ဇအလှူ
- ၉း၃၀ Movie Talk (ရုပ်ရှင်စကားဝိုင်းအညွှန်း)(အပိုင်း -၁၁)
- ၁၀း၀၀ ရန်ကုန်မြင်ကွင်းကျယ် (ဆဋ္ဌမအကြိမ်မြောက် ရွှေအမြုတေ စာပေဆုပေးပွဲ)
- ၁၀း၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀း၃၀ ဖက်ရှင်လမ်းညွှန်(ဆန်းသစ်တီထွင် ကချင်ဒီဇိုင်းဖက်ရှင်)
- ၁၁း၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း (သုံးထပ်ကွမ်းအကယ်ဒမီ ခင်သီတာထွန်းနှင့်တွေ့ဆုံခြင်း)
- ၁၁း၃၀ ရန်ကုန်မြင်ကွင်းကျယ် (MISY ၏ annual International Day)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ ဝိဇာတပူဇာမင်္ဂလာ...
- ၁၂း၂၀ နိဗ္ဗာန်အကျိုးသို့မျှော်... လှူဒါန်းနိုင်စေသောဝ်
- ၁၂း၄၀ မြတ်သောအလှူ...ဆုထူးယူ [လှိုင်သာယာမြို့နယ်(၁၁)မီးငြိမ်း စေတီတော်ဗုဒ္ဓပူဇနိယပွဲတော်နှင့် ရဟန်းခံရှင်ပြုအလှူမင်္ဂလာ]
- ၁း၀၀ **တရားဆောင်သူနှင့် မဆောင်သူ** တရားတော် (အရှင်ဥတ္တရ ကျိုက်ဒေးယျုံဆရာတော်)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၀)
- ၄း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၈၈)
- ၅း၀၅ Activities in the City (ဆင်ဖြူတော်ဘုရားကျောင်းဆောင် ရေစက်ချပွဲနှင့် ရှင်ပြုနားသမင်္ဂလာ)
- ၅း၂၀ ဖောင်ကြီးကျေးရွာ အင်းပါတ်တောင်မှ သာရခေါ်သံ
- ၅း၃၀ MNL Preview
- ၆း၀၀ MRTV -4 သတင်း
- ၆း၂၀ ရှင်မင်း **လှူိုဝှက်ချက်** တေးစီးရီးမိတ်ဆက်ပွဲအခမ်းအနား
- ၆း၄၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၁)
- ၇း၂၅ The Champion of Dance
- ၈း၀၀ MRTV -4 သတင်း
- ၈း၃၀ VJ Choice
- ၈း၅၅ အနုပညာမိုးကောင်းကင်
- ၉း၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၉)
- ၁၀း၂၀ ဂီတသရုပ်ပြခန်း (ပူစူး-တစ်မိုးအောက်)
- ၁၀း၄၅ နက္ခတ်ဗေဒင်ပညာရပ်ဆိုင်ရာ သိကောင်းစရာဆွေးနွေးခန်း
- ၁၁း၁၅ Fashion Talk (ဒီဇိုင်နာနှင့်ဖက်ရှင်)
- ၁၁း၄၅ ဆီထွက်သီးနှံများထဲမှ **ဆီအုန်း**
- ၁၁း၀၅ World of Knowledge (Ancient Megastructures; Pyramid)
- ၁၂း၄၅ ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတ မြန်မာ့အက
- ၁၂း၅၅ လှပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ ဖိုးချစ် (အပိုင်း-၂)
- ၁း၂၅ လူနေမှုဘဝအလှထဲက မြန်မာ့သနပ်ခါး...
- ၁း၄၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (တိမ်ပြာမို့မို့လွင်)
- ၂း၀၅ စေတနာအမှန်ဖြင့်...
- ၂း၂၀ နယဉ်ဆန်းထွင်ပန်းအလှဆင် (လခြမ်းပုံသဏ္ဌာန် ပန်းအိုးထိုးနည်း)
- ၂း၄၀ မြန်မာကြိုက် နံ့သာဖြူပရုတ်ဆီ
- ၂း၅၀ နည်းပညာအစွမ်းထက် SOLAR HUT
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
- ၄း၁၅ မှိုအသားမျှင်တစ်သျှူး မျိုးပွားနည်း
- ၄း၃၀ သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

10-6 (05).pmd 1 6/10/2011, 3:04 AM

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ဗြိတိန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၉

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Heyn သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။(ယာပုံ)

အဆိုပါ တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၀-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၅ ၃။ နိုင်ငံတော်သီချင်း
၇:၁၀ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၅ ၃။ နိုင်ငံတော်သီချင်း
၄:၁၀ ၄။ အဖွင့်သီချင်း
၄:၁၅ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ မဟာဂီတချိုကြည်မြ
၄:၃၀ ၇။ မြန်မာစာမြန်မာစကား (အပိုင်း-၁၀)
၄:၃၅ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၅ ၁၀။ အိုင်စီတီသုတ
၅:၀၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၂။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ** (အပိုင်း-၁၄)
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၅။ **ရှာ** ဟာသဇာတ်လမ်းတွဲ
၆:၄၅ ၁၆။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း -၁၇)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဒို့တာဝန်အရေး(၃)ပါး
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ စိုက်ပျိုးသုတ
၂၄။ သံစဉ်များနှင့်ကမ္ဘာ
၂၅။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၂၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း -၂၂)
၂၈။ ကမ္ဘာ့တစ်ခွင်ခရီးစဉ်

ဗီယက်နမ် ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၉

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ- ဗီယက်နမ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေရေး၊ နှစ်နိုင်ငံ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလယ်ယာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် နှစ်နိုင်ငံအကြား စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ရေရှည်အကျိုးအမြတ် ဖြစ်ထွန်းမှုရှိစေရေး၊ နိုင်ငံတော်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေများနှင့်အညီ စိုက်ပျိုးရေး အခြေခံစက်မှုကဏ္ဍ၌ ကုန်ကြမ်း အဆင့်သာမက ကုန်ချောထုတ်လုပ်မှု လုပ်ငန်းများတွင် Product Sharing Contract စနစ်ဖြင့် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အဆိုပါ တွေ့ဆုံပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ် ဒုတိယ ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ဗီယက်နမ် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Nguyen Hong Quan နှင့် ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Chu Cong Phung နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သစ်တောပြုန်းတီးသည့်နေရာများ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်သူများ စိုက်ပျိုးရန်မြေနေရာများ သတ်မှတ်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၉

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥက္ကဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဇွန် ၆ ရက် နံနက် ၇ နာရီတွင် ပဲခူးရိုးမဖြတ်ကျော်လမ်းပေါ်ရှိ လက်ပံခုန်ကျွန်းမျိုးသန့်ဥယျာဉ် သစ်တောသုတေသနစခန်းသို့ရောက်ရှိပြီး ကျွန်းမျိုးသန့်ပွားခြင်း သုတေသနလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ခပေါင်းကြိုးပြင်ကာကွယ်တော ဘုံတောင်ကြိုးဝိုင်းအကွက်အမှတ်(၄၉မှ ၅၆)အတွင်းရှိ ဧက ၃၀၀၀၀ ကို ၂၀၀၈-၂၀၀၉ ခုနှစ်မှစ၍ သဘာဝတောထိန်းထားမှု၊ တောက်တဲ့ရွာအနီးရှိ (၁/၁၉၉၈)ကျွန်းအထူးစိုက်ခင်း ဧက ၇၅၀ နှင့် ထူးထရေးဒင်းကုမ္ပဏီပိုင် (၂၀၁၀-၂၀၁၁) ပုဂ္ဂလိကကျွန်းစိုက်ခင်း ဧက ၈၈၀ တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥက္ကဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်း သဲကုန်းမြို့နယ် ရွှေကျွန်းတောကြိုးဝိုင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိန်းသိမ်း

ထို့နောက် အုတ်တွင်းမြို့နယ် ၁၅မိုင်စခန်းရှိ ခပေါင်းကြိုးပြင် (၁/၂၀၀၇) ကျွန်းစိုက်ခင်း ဧက ၁၀၀၀ ၌ အောင်မြင်ဖြစ်ထွန်းနေသော ကျွန်းစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ခပေါင်းကြိုးဝိုင်းနှင့် ဘုံတောင်ကြိုးဝိုင်းများအတွင်း သဘာဝတောများ ထိန်းသိမ်းထားရှိမှု အခြေအနေကို ရှုရပ်မှကြည့်ရှုကာ ထိန်းသိမ်းထားသော သဘာဝတောများကို အရှိအတိုင်း ပျက်စီးယိုယွင်းမှုမရှိအောင် ထိန်းသိမ်းကာကွယ်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဖြိုးစည်သူထရေးဒင်းကုမ္ပဏီက စိုက်ပျိုးတည်ထောင်ထားသော ကျွန်းစိုက်ခင်းဧက ၁၂၀၀ ကို ကြည့်ရှုစစ်ဆေးပြီး ကျွန်းပျိုးပင်များကို အမှတ်တရစိုက်ပျိုးပေး၍ ကျွန်းစိုက်ခင်းကျေးရွာ တွဲဖက်မူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာအုပ်များ လှူဒါန်းကာ ပေါက်ခေါင်းမြို့နယ် သစ်တောဦးစီးဌာနက တည်ထောင်ထားသော ကျွန်းသစ်စေ့ထုတ်ဧရိယာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် သဲကုန်းမြို့နယ် ရွှေကျွန်းတောကြိုးဝိုင်းသို့ ရောက်ရှိပြီး မျိုးကောင်းမျိုးသန့် ကျွန်းစေ့များ လုံလောက်စွာရရှိရန်၊ ကြီးထွားနှုန်းကောင်းမွန်သော ကျွန်းစိုက်ခင်းများကို သစ်စေ့ထုတ်ဧရိယာအဖြစ်တည်ထောင်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မင်းလှမြို့နယ် ရွှေဝါမြိုင်ပျိုးဥယျာဉ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရန်နှင့် ကျေးရွာပြည်သူလူထုအတွက် ဖြန့်ဝေရန် ပျိုးထောင်ထားသော ပျိုးပင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် သုံးဆယ်ကြိုးဝိုင်းနှင့် တိုက်ကြီးမြို့နယ် ဥက္ကံကြိုးဝိုင်းတို့အတွင်းရှိ ကျောက်စိမ်းဘုရင်နှင့် ဘုရင်မကုမ္ပဏီ ပုဂ္ဂလိက ကျွန်းစိုက်ခင်းစခန်း၌ အညွန့်ကိုင်းကူးခြင်းနည်းစနစ်ဖြင့် ကျွန်းမျိုးသန့် ပျိုးပင်များထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျွန်းအညွန့်ကိုင်းကူးခြင်းနည်းဖြင့် ထုတ်လုပ်ထားသော ကျွန်းပင်များကို အမှတ်တရ စိုက်ပျိုးပေးသည်။

ယင်းနောက် တိုက်ကြီးမြို့နယ် လသာကုန်းပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ကျေးလက်ပြည်သူများမိုးရာသီအတွင်း စိုက်ပျိုးတည်ထောင်ရန်အတွက် လူထုဖြန့်ပျိုးပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး မှော်ဘီမြို့နယ် ဝါးနက်ချောင်း ကျေးရွာပိုင် ယူကလစ်စိုက်ခင်း တစ်ဧကကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ပြည်သူများအနေဖြင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်သုံးစွဲရန်အတွက် မိမိခြံဝင်းအတွင်း စိုက်ပျိုးရန်၊နောင်အနာဂတ်ပတ်ဝန်းကျင် တည်မြဲရေးနှင့် မိမိတို့ သစ်၊ တိုင်၊ မျောများရရှိရေးအတွက် ဒေသခံပြည်သူ့အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုး တည်ထောင်သွားရန် မှာကြားပြီး သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများအတွင်း သစ်တောပြုန်းတီးလျက်ရှိသည့်နေရာများ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ စိုက်ပျိုးတည်ထောင်ရန်မြေနေရာများ ခွင့်ပြုသတ်မှတ်ပေးလျက်ရှိသည်တို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော်   ဇွန်   ၉

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်လှမင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lt- Gen Nguyen Chi- Vinh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၅နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကျော်ညွန့်နှင့်ဗိုလ်မှူးကြီး အောင်သော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၉-၆-၂၀၁၁

နေပြည်တော်(လေဆိပ်)
၁ ဒသမ ၁၈ လက်မ
ကျောက်တော်မြို့
၅ ဒသမ ၅၉ လက်မ
ကလေးဝမြို့
၃ ဒသမ ၉၈ လက်မ
တောင်ကုတ်မြို့
၃ ဒသမ ၆၂ လက်မ
မြောက်ဦးမြို့
၃ ဒသမ ၆၂ လက်မ
သံတွဲမြို့
၃ ဒသမ ၃၅ လက်မ
မောင်တောမြို့
၃ ဒသမ ၁၅ လက်မ
တောင်ငူမြို့
၂ ဒသမ ၈၀ လက်မ
ဟုမ္မလင်းမြို့
၂ ဒသမ ၇၅ လက်မ

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ပြောင်းလဲမှုများကို အသိအမှတ်ပြုလျက် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းရန် အချိန်တန်ပြီ

မြန်မာနိုင်ငံ၏အနာဂတ်ကို မြန်မာနိုင်ငံသားများကသာ ဖော်ဆောင်ပေးမည်

နေပြည်တော်   ဇွန်   ၉

မေ ၃၀ ရက်မှ ဇွန် ၁၇ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပလျက်ရှိသည့်(၁၇)ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အစည်းအဝေး၌ မြန်မာနိုင်ငံ၏ Universal Periodic Review (UPR) တွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးသုံးသပ် အတည်ပြုခြင်းကို ဇွန် ၈ ရက်တွင် ပြုလုပ်ကြောင်း သိရှိရသည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် မြန်မာအဖွဲ့ရုံး ယာယီတာဝန်ခံ သံအမတ် ဦးရဲမြင့်အောင်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားကာ၂၀၁၁ခုနှစ် ဇန်နဝါရီလအတွင်းက UPR လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေအပေါ် ကမ္ဘာ့နိုင်ငံများက အကြံပြုထားရှိသည့် အကြံပြုချက်များအနက် စဉ်းစားဆုံးဖြတ်ရန် ကျန်ရှိသည့် အကြံပြုချက်(၄၆)ချက်တို့အပေါ် မြန်မာနိုင်ငံအစိုးရ၏ ရပ်တည်ထားရှိချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော နိုင်ငံပေါင်း(၁၁)နိုင်ငံတို့က တွေ့ရှိချက် အစီရင်ခံစာအပေါ် ပါဝင်ဆွေးနွေးကြပြီး ယင်းအစီရင်ခံစာအား အတည်ပြုနိုင်ရေးနှင့် ပတ်သက်၍ ထောက်ခံမှုများပေးကြသည်။

ဖော်ဆောင်ပေးမည်

မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်က ပြန်လည်ဆွေးနွေးပြောကြားရာတွင် ယခုကဲ့သို့နိုင်ငံများမှ ပါဝင်ဆွေးနွေးခဲ့ကြသဖြင့်ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံ အစိုးရသည် ရက်ပေါင်း ၆၉ ရက်သာ သက်တမ်းရှိသေးသည့် အစိုးရတစ်ရပ်ဖြစ်သော်လည်း လူ့အခွင့်အရေး ကာကွယ်ရေးနှင့် မြှင့်တင်ရေးလုပ်ငန်းရပ်များအပေါ် နိုင်ငံရေးဆန္ဒရှိစွာဖြင့် ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိပြီး ယင်းသို့အကောင်အထည်ဖော်ရာတွင် စာတွေ့နှင့် လက်တွေ့ ဆောင်ရွက်လျက်ရှိကြောင်း၊ ကုလသမဂ္ဂကဲ့သို့သောအပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က ပြုလုပ်ခဲ့သည့် အာဆီယံ အစည်းအဝေးတွင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို ရှေးရှု၍ အနောက်နိုင်ငံအချို့က ချမှတ်ထားရှိသည့် စီးပွားရေးပိတ်ဆို့မှုများကို ရုပ်သိမ်းရန် တိုက်တွန်းခဲ့ကြောင်း၊ သို့ပါ၍ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့်လည်း မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ပြောင်းလဲမှုများကို အသိအမှတ်ပြုလျက် စီးပွားရေး ပိတ်ဆို့မှုများကို ရုပ်သိမ်းရန် အချိန်တန်ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်ကို မြန်မာနိုင်ငံသားများကသာ ဖော်ဆောင်ပေးမည်သာ ဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် လူ့အခွင့်အရေးကောင်စီသဘာပတိ ထိုင်းနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး မစ္စတာ စီဟာဆပ်က မြန်မာနိုင်ငံ၏ UPR တွေ့ရှိချက် အစီရင်ခံစာကို ကန့်ကွက်သူ မရှိသဖြင့် တညီတညွတ်တည်း အတည်ပြုရန် ဆုံးဖြတ်ခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ UPR အစီအစဉ်ဖြင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေး အခြေအနေများကို ၂၀၀၈ ခုနှစ်မှ စတင်၍ ပုံမှန်သုံးသပ်ခဲ့ရာ ယနေ့အထိ နိုင်ငံပေါင်း ၁၆၀ ၏ လူ့အခွင့်အရေး အခြေအနေများကို သုံးသပ်ခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း(၂၀၁၀) တွေ့ရှိချက်များဆိုင်ရာ တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန်   ဇွန်   ၉

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(UNDP)၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)၊ ဆွီဒင်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(SIDA)တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့်ဒုတိယအကြိမ်အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေဘက်စုံလေ့လာမှုစစ်တမ်း (၂၀၁၀) တွေ့ရှိချက်များဆိုင်ရာ တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ အကြီးတန်းဒုတိယဌာနေကိုယ်စားလှယ် Mr. Akbar Usmani နှင့်ဆွီဒင်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ မြန်မာနိုင်ငံဆိုင်ရာ တာဝန်ခံ Mr. Bengt Ekmam တို့က အမှာစကားပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အမှတ်တရဓာတ်ပုံရိုက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြီးကြပ်ဆောင်ရွက်

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကမ်းနားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို မေ ၂၃ ရက်က အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးနေမျိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း စာအုပ်စင်

နေပြည်တော်   ဇွန်   ၉

စာရေးသူဉာဏ်ဝင်း(ဇီးကုန်း)၏ "မော်ဒန်ဒီပလိုမေစီ" စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ယင်းစာအုပ်တွင် သံခင်းတမန်ခင်း (Diplomacy) ဆိုသည်မှာ နိုင်ငံအချင်းချင်းအကြား ထိတွေ့ဆက်ဆံမှုမျိုးဖြစ်သည့်အပြင် နိုင်ငံကိုကိုယ်စားမပြုသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများအကြားထိတွေ့ဆက်ဆံမှုတစ်မျိုးလည်းဖြစ်ကြောင်း၊ ရှေးအခါက "ရေနံဒီပလိုမေစီ"၊ "ပင်ပေါင်ဒီပလိုမေစီ"၊ "Gun - boat ဒီပလိုမေစီ"၊ "လေယူရာတိမ်း ဒီပလိုမေစီ"၊ "ရေလိုက် ငါးလိုက် ဒီပလိုမေစီ" စသည်ဖြင့် ကဏ္ဍအမျိုးမျိုးတွင် ကျင့်သုံးလာရာမှ ယခုအချိန်အခါတွင် ဒီပလိုမေစီသည် ပိုမိုရှုပ်ထွေး ကျယ်ပြန့်လာပြီး မှန်ခြင်း၊ မှားခြင်း မည်သို့ပင်ရှိစေကာမူ ကိုယ်ကျိုးစီးပွားတိုးတက်မှုရရှိရေး၊ ကိုယ်ကျိုးစီးပွားထိခိုက်မှု အန္တရာယ်မရှိရေးတို့အတွက်သာ ဦးတည်ပြီး ရပ်တည် ဆောင်ရွက်သော "မော်ဒန်ဒီပလိုမေစီ" ခေတ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဖော်ပြထားသည်။

ဉာဏ်ဝင်း(ဇီးကုန်း)၏ မော်ဒန်ဒီပလိုမေစီစာအုပ် ထုတ်ဝေဖြန့်ချိ

စာရေးသူ ဉာဏ်ဝင်း(ဇီးကုန်း)သည်အင်္ဂလန်နိုင်ငံ ရီဒင်းတက္ကသိုလ်မှ ပါမောက္ခ R. P. Barston ရေးသားသော "Modern Diplomacy" စာအုပ်၏ အခြေခံကျောရိုးပေါ်၌ ၎င်း၏ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခြောက်နှစ်ကျော်တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ရင်ဆိုင်ခဲ့ရသည့် သင်ခန်းစာများ၊ အတွေ့အကြုံနှင့် အတွေးအမြင်များကို ပေါင်းစပ်၍ ဤစာအုပ်ကို ပြုစုရေးသားခဲ့ခြင်းဖြစ်ရာ သံတမန်များသာမက အများပြည်သူတို့လေ့လာဖတ်ရှုရန် သင့်လျော်ကောင်းမွန်သော စာအုပ်တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို စိုးမိုးအောင်မြင် စာပေတိုက်က ပွဲဦးထွက်အဖြစ် ထုတ်ဝေဖြန့်ချိပြီး တန်ဖိုးငွေကျပ် ၃၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်ကော်မတီဝင်များ ဥပဒေဆိုင်ရာစာတမ်း ဖတ်ကြားဆွေးနွေးပွဲ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၉

ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော် ကော်မတီဝင်များ ဥပဒေဆိုင်ရာစာတမ်း ဖတ်ကြားဆွေးနွေးပွဲ တတိယနေ့ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရုံးခန်းမ၌ ဆက်လက်ကျင်းပသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်ကော်မတီဝင်များ ဥပဒေဆိုင်ရာ စာတမ်းဖတ်ကြားဆွေးနွေးပွဲ၌ ဆွေးနွေးခဲ့ကြသော တက္ကသိုလ်ဥပဒေပညာဌာနများမှ စာတမ်းရှင်များအတွက် လက်ဆောင်များပေးအပ်စဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါစာတမ်း ဖတ်ကြားဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ တက္ကသိုလ်များမှ ပါမောက္ခများနှင့် ကထိကများ တက်ရောက်ကြသည်။

နံနက်ပိုင်း စာတမ်းဖတ်ကြားဆွေးနွေးပွဲ သဘာပတိအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားကာ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ဒေါက်တာခင်မာရီက Protection of Trademark Rights စာတမ်းကိုလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာမြင့်သူမြိုင်က Protection of Authors' Rights under Copyright စာတမ်းကိုလည်းကောင်း၊ မန္တလေးတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာနုနုရီက Protection of Intellectual Property Rights in the Context of Traditional Medicine Knowledge စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြကာ စာတမ်း ဖတ်ကြားဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော် ကော်မတီဝင်များ ဥပဒေဆိုင်ရာစာတမ်း ဖတ်ကြားဆွေးနွေးပွဲ တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ကြားဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးမြညိမ်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်လေ့လာသည်။ ရှေးဦးစွာ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာမေထားက Prevention of Pollution by Garbage From Ships စာတမ်းကိုလည်းကောင်း၊ မန္တလေးတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာတင်ဌေးအိက Legal Control on Industrial Hazardous Waste စာတမ်းကိုလည်းကောင်း၊ ရတနာပုံတက္ကသိုလ် ဥပဒေပညာဌာနမှ ကထိက ဒေါ်နန်းခင်ထွေးက Peace- Making, Peace- Keeping Operations of the United Nations and the Role of the Secretary-General စာတမ်းကို လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ထို့နောက် စာတမ်း ဖတ်ကြားဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများကစာတမ်းများအပေါ် ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က တက္ကသိုလ်ဥပဒေပညာဌာနများမှ စာတမ်းရှင် ပါမောက္ခများနှင့် ကထိကများအား ကျေးဇူးတင်စကားပြောကြားပြီး လက်ဆောင်များ ပေးအပ်သည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးရှိ ဓာတ်အားခွဲရုံများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇွန် ၆ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ၆၆/၃၃ ကေဗွီ၊ ၂၀ အမ်ဗွီအေ သီပေါဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဓာတ်အားခွဲရုံ Switch Yard အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ရှိ ၁၃၂ ကေဗွီ လက်ပန်လှ ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိ၍ Switch Yard အတွင်း၌ Transformer များ ကြံ့ခိုင်မှု၊ ၁၃၂ ကေဗွီ ဆည်တော်-ကျောက်ပုထိုး ဓာတ်အားလိုင်းမှ ဓာတ်အားလက်ခံပြီး ပြန်လည်ဖြန့်ဖြူးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ၂၃၀ ကေဗွီ မြောက်ပြင် ပင်မဓာတ်အားခွဲရုံ ဆောက်လုပ်နေသည့် နေရာသို့ရောက်ရှိပြီး ဓာတ်အားခွဲရုံ တည်ဆောက်နေမှု၊ ပစ္စည်းရောက်ရှိမှုနှင့် Switch Yard ဆောက်လုပ်ရန်နေရာ၌ ၂၀၀ အမ်ဗွီအေ Transformer တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြောက်ပြင် ပင်မဓာတ်အားခွဲရုံသည် ၂၃၀ ကေဗွီ ရွှေစာရံ ဓာတ်အားလိုင်းမှ ဓာတ်အားကို ၂၀၀ အမ်ဗွီအေ Transformer ဖြင့် ဓာတ်အားလက်ခံပြီး မန္တလေးမြို့တွင်းသို့ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၆ လိုင်း ထပ်မံတိုးချဲ့၍ ဓာတ်အားဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကျောက်ဆည်မြို့နယ်ရှိ ၂၃၀ ကေဗွီ ဘဲလင်းပင်မဓာတ်အားခွဲရုံ၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း မဟာဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်း ကျွမ်းကျင်မှုဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်းသိရှိရသည်။

အမှာစကားပြောကြား

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကျောက်ဆည်မြို့နယ်ရှိ ၂၃၀ကေဗွီ ဘဲလင်းပင်မဓာတ်အားခွဲရုံ၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း မဟာဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်း ကျွမ်းကျင်မှုဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၁)သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စဉ်ဆက်မပြတ်ရေး

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ၁၃၂ ကေဗွီ အင်းကုန်းပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား ဓာတ်အားစနစ်တည်ငြိမ်စွာ စဉ်ဆက်မပြတ်ပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု အကြိမ်ရေနည်းပြီး ပြတ်တောက်မှုဖြစ်ပါက အချိန်တိုအတွင်းဓာတ်အား ပြန်လည်ပေးနိုင်ရေး၊ SwitchYard များ၊ Transformer များနှင့် Relayများအား အမြဲစစ်ဆေးနေရေးတို့ကို မှာကြားသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ်ရှိ ၂၃၀ကေဗွီ သပြေဝပင်မဓာတ်အားခွဲရုံ Control Room နှင့် Switch Yard တို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာခရိုင်ရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းနှင့်အညီ နေထိုင်ရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ကြိုဆိုနှုတ်ဆက်

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် **General Songkitti Jaggabatara** နှင့် ဇနီးတို့ မန္တလေးတောင်တော်ပေါ်မှ မန္တလေးမြို့၏ ရှုခင်းများနှင့် နေဝင်ဆည်းဆာအလှတို့ကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဇွန် ၉ရက်က ရန်ကုန်မြို့ **Chatrium Hotel** ၌ ကျင်းပသော (၁၁၃) ကြိမ်မြောက် ဖိလစ်ပိုင်နိုင်ငံ၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် **Mini Trade and Travel Exhibit** အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီးတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Ms. Maria Hellen M.Barber** ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့၌ ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၉

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၈ ရက် ညနေပိုင်းတွင် နေပြည်တော်မှ မန္တလေးမြို့သို့ ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ရောက်ရှိကြရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရဲအောင်နှင့် ဇနီးနှင့်တပ်မတော်အရာရှိကြီးများက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးတောင်တော်ရှိ ဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အားသွားရောက် ဖူးမြော်ကြည်ညိုကြပြီး မန္တလေးတောင်တော်ပေါ်မှ မန္တလေးမြို့၏ ရှုခင်းများနှင့် နေဝင်ဆည်းဆာ အလှတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား တိုင်းမှူးနှင့်ဇနီးတို့က ညပိုင်းတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

လှည့်လည်ကြည့်ရှု

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၉ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့အတွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)
၁၀-၆-၂၀၁၁

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် **(မင်္ဂလသုတ်)**
၇း၃၀ ဓမ္မပူဇာတေးပဒေသာ
၇း၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားကမ္ဘာတင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (Intermediate Level)
၁၂း၃၀ အလုပ်အကိုင်အခွင့်အလမ်း နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ တေးပဒေသာ
၁၇း၁၅ ပြောပါရစေရှင် (ပျော်ရွှင်ခြင်းသော့) တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၅ ရင်ခုန်စီးဆင်း အနုပညာသတင်း (၄၃)
၁၈း၀၀ ညနေခင်းသတင်း နိုင်ငံရေးဦးတည်ချက်
၁၈း၁၀ လူမှုစာနာပြန်ကြားလွှာ
၁၈း၂၀ တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း စီးပွားရေးဦးတည်ချက်
၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅ ဇာတ်လမ်းပမာနားဆင်စရာ **ကာရံမညီသော**
၁၉း၄၅ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း လူမှုရေးဦးတည်ချက်
၂၀း၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဝါဝါအောင်) တေးပဒေသာ
၂၁း၀၀ ဆောင်းပါး (လူငယ်နှင့်လောကစံ)
၂၁း၀၅ ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၉

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Three Gorges Corporation (CTGC) မှ Vice President Mr.Bi Ya Xiong နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးဦးမြင့်ဇော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ CTGC မှ Director Mr.Yuan Zhi Maoနှင့်အဖွဲ့ဝင်များ၊ International Group of Entrepreneur Company Limited ဥက္ကဋ္ဌ ဦးနေအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Three Gorges Corporation (CTGC) မှ Vice President Mr.Bi Ya Xiong နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ကျောက်တန်းမြို့နယ်၌ လေပွေတိုက်ခတ်

ကျောက်တန်း ဇွန် ၉

ယနေ့နံနက် ၇ နာရီ ၅၅ မိနစ်မှ ၈ နာရီ ၁၀ မိနစ်အတွင်း ကျောက်တန်းမြို့တွင် လေပွေတိုက်ခတ်ခြင်းကြောင့် ကျောက်တန်းမြို့ စံချိန်မီရပ်ကွက်နှင့် ဆင်ကန်ရပ်ကွက်တို့မှ နေအိမ်အချို့ ခေါင်မိုးလန် ပျက်စီးသွားကြောင်း သိရှိရသည်။

လဲကျ

လေပွေတိုက်ခတ်မှုကြောင့် စံချိန်မီ ရပ်ကွက်ရှိ စည်ပင်သာယာဝန်ထမ်း အိမ်တစ်လုံး၊ ကားဂိုဒေါင် အမိုးသွပ်များနှင့် စီမံကိန်းရေးဆွဲရေး ဦးစီးမှူးရုံး အမိုးသွပ်များလန်ပြီး ရေစင်မှ ရေတိုင်ကီပြုတ်ကျ ပျက်စီးသွားသည်။ လူနေအိမ်တစ်လုံး၏ အမိုးသွပ်များ လွင့်ပါပျက်စီး၍ ကွန်ကရစ် ဓာတ်တိုင် သုံးတိုင် လဲကျသွားသည်။

ထို့အတူ ဆင်ကန်ရပ်ကွက်မှ လူနေအိမ် ခုနစ်လုံး အမိုးလန်ပျက်စီးပြီး ဦးလှဦး၏ အသားစားကြက်ခြံနှစ်ခြံပြိုကျကာ မွေးမြူထားသည့် ကြက်ကောင်ရေ ၄၀၀၀ အနက် ကြက်ကောင်ရေ ၁၀၀ ကျော် သေသွားသည်။

ဆောင်ရွက်ပေး

ဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် မြို့နယ်ရဲတပ်ဖွဲ့၊ နယ်မြေလုံခြုံရေး တာဝန်ရှိသူများ ရောက်ရှိကြပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၀၁၉)**

ဆင်ကန်ကျေးရွာ ဦးလှဦး၏ ကြက်ခြံ ပျက်စီးသွားသည်ကို ဤသို့တွေ့ရသည်။

ပျဉ်းမနား၌ ပေါ့ဆမီးမှ မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဇွန် ၉

ပျဉ်းမနားမြို့နယ် ရန်အောင်(၂)ရပ်ကွက် ဘိုးဘွား ရိပ်သာလမ်းနှင့် ဂုဏ်တန်လမ်းထောင့် အမှတ် ၁၀/၄၄ နေအိမ်တွင် မီးကြွင်း မီးကျန်မှ မီးလောင်မှုတစ်ခု ဇွန် ၉ ရက် နံနက် ၃ နာရီ ၁၈ မိနစ်က ဖြစ်ပွားခဲ့သည်။

မီးငြိမ်းသွား

အဆိုပါမီးလောင်ရာသို့ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်တင့်၊ ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ရီ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ကားများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ မီးငြိမ်းသတ်ရာ နံနက် ၃ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားသည်။

မီးလောင်ဆုံးရှုံး

အဆိုပါမီးလောင်မှုကြောင့် သွပ်မိုးပျဉ်ကာ လေးပင်ပတ်လည် နှစ်ထပ်အိမ်တစ်လုံး မီးလောင်ဆုံးရှုံးသွားသည်။

အမှုဖွင့်အရေးယူ

မီးပေါ့ဆသူ အိမ်ပိုင်ရှင်အား ပျဉ်းမနားရဲတပ်ဖွဲ့မှ ပြစ်မှုဆိုင်ရာပုဒ်မ ၂၈၅ အရ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

(မြို့နယ်စာပေ စာနယ်ဇင်း)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်နေ ဦးကျင်မောင်-ဒေါ်စိန်စိန် မိသားစုက ဗိုလ်တထောင်ဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးတွင် သံဃာပြင်ပ လူနာဌာနခန်းမကြီးနှင့် လူနာစောင့်ထိုင်ခုံများအတွက် အလှူငွေနှင့် ဆွမ်းတစ်နေ့တာ စုစုပေါင်းအလှူငွေ ကျပ် ၂၂၂သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက ဗိုလ်မှူးချုပ်တင့်ဆွေ(ငြိမ်း)၊ အတွင်းရေးမှူး ဦးသိန်းအောင်နှင့်တွဲဖက် အတွင်းရေးမှူး(၁) ဦးဝင်းလွင်တို့ လက်ခံကြစဉ်။ (သတင်းစဉ်)

ကသာ–စင်းခန်းလမ်းဖောက်လုပ်နေမှု ဒုတိယဝန်ကြီး ဦးကျော်လွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် ဇွန် ၄ ရက် နံနက်ပိုင်းက ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး၌ အောင်ချမ်းမြင့်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော (မိုင်တိုင်အမှတ် ၁၂၀/၀ မှ ၁၂၅/၀အထိအပိုင်း) မိုင်တိုင်အမှတ် (၁၂၁/၄)အနီးရှိ လမ်းအခြေအနေနှင့် PAC LINK ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော (မိုင်တိုင်အမှတ် ၁၂၅/၀ မှ ၁၃၅/၀အထိအပိုင်း) မိုင်တိုင်အမှတ် (၁၂၅/၀)အနီးရှိ လမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေး

ထိုမှတစ်ဆင့် ကသာ-စင်းခန်းလမ်း ဖောက်လုပ်နေမှုကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** မိုင်တိုင်အမှတ်(၁၁/၁)အနီး၌ အားမာန်ရှင်ကုမ္ပဏီက ကျောက်များခင်းကြိတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် ဟိုပင်မြို့၌ ကုမ္ပဏီ တာဝန်ခံနှင့် လမ်းတာဝန်ခံအင်ဂျင်နီယာများအား တွေ့ဆုံပြီးနောက် မိုးညှင်း-မိုးကောင်း လမ်းပိုင်း အခြေအနေများကိုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပန္နက်ရိုက်

မြောင်းမြခရိုင် ဝါးခယ်မမြို့ ကမ်းနားလမ်းတွင် မေ ၁၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်၊ မြို့မိမြို့ဖများက သံကူကွန်ကရစ် ဆိပ်ခံတံတားအသစ် ဆောက်လုပ်ရန် ပန္နက်ရိုက်ကြစဉ်။

(မြို့နယ်စည်ပင်)

ဝက်နားရွက်ပြာရောဂါ ကာကွယ်ထိန်းချုပ်ရေး ပြည်မြို့၌ ပညာပေးဟောပြော

ပြည် ဇွန် ၉

ပြည်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးပြီး ဝက်နားရွက်ပြာရောဂါကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဟောပြောပွဲကို မေ ၁၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်ဆွေဝင်း၊ သုတေသနအရာရှိ ဒေါက်တာမြင့်မြင့်သန်း၊ ခရိုင်ဦးစီးမှူး ဒေါက်တာချိုချိုခိုင်နှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာတင်တင်မြင့်တို့က ဝက်နားရွက်ပြာရောဂါအကြောင်း၊ ဇီဝလုံခြုံမှုနှင့် ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အချက်အလက်များအကြောင်းကို ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်နှင့် ဘုရားကုန်းဟောင်းများအား ပြန်လည်တူးဖော်ထိန်းသိမ်းရန် လှူဒါန်းနိုင်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်၍ ပုဂံဒေသရှိ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင် မွမ်းမံလျက်ရှိပါသည်။

ဘုရားစေတီတစ်ဆူချင်းပြုပြင်ရန် (၁၂၃)ဆူကျန်ရှိပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းလှူဒါန်းမှုဖြင့်ဖြစ်စေ စေတနာရှင်များက လှူဒါန်းလျက်ရှိသည့်နည်းတူ နဝကမ္မအလှူငွေများကိုလည်းလက်ခံ၍ စုပေါင်းအလှူငွေဖြင့် ပြုပြင်ပေးလျက်ရှိပါသည်။

ပုဂံဒေသရှိ အချို့ဘုရားပုထိုးများမှာ ယိုယွင်းပြိုကျမြေပျက်စီးခဲ့ရာ မြေကုန်းကြီးများသဖွယ် တည်ရှိနေသည့် အုတ်ကုန်းပေါင်း (၈၉၂)ကုန်းကိုလည်း ပြန်လည်တူးဖော်ပြီး ပုဂံဘုရားများပုံစံအတိုင်း ရှေးမူမပျက် ပြုပြင်တည်ထားလျက်ရှိပါသည်။

သို့ပါ၍ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများ ပြုပြင်ရန်အတွက်လည်းကောင်း၊ ဘုရားကုန်းဟောင်းများ တူးဖော်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်းကောင်း ပါဝင်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းနိုင်သည့် နေရာဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၁၄

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ
၃၂-ဒီ၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ပုဂံမြို့
ဖုန်း-၀၆၁-၆၀၂၆၉

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ
မန္တလေးမြို့
ဖုန်း-၀၂-၇၆၁၅၂

မြန်မာနိုင်ငံဆရာဝန်အသင်း လူငယ်ဖွံ့ဖြိုးမှုအစီအစဉ် လူငယ်ကျန်းမာရေးပညာပေး ဒီဗွီဒီထုတ်မည်

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်အဖြစ်ပညာပေး ဒီဗွီဒီတစ်ခွေကိုထုတ်လုပ်ရန် လူငယ်နှင့် ဆယ်ကျော်သက်များ၏ဘဝနှင့် ကျန်းမာရေးဆိုင်ရာအမူအကျင့်များကို အခြေခံသော အနုပညာရသ အစုံပါဝင်သည့် ဝတ္ထုစာမူနှင့် ဇာတ်ညွှန်းကို ဖိတ်ခေါ်ထားရာ ပြိုင်ပွဲသို့ မည်သူမဆို ဇွန်၂၀ရက်မတိုင်မီ ကြိုတင်စာရင်းပေးသွင်းပြီး စာမူများကို ဇူလိုင် ၈ ရက် နောက်ဆုံးထားပေးပို့ကာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ဆက်သွယ်မေးမြန်းနိုင်

စာမူနှင့်ပတ်သက်သည့်အသိပေးရှင်းလင်းခြင်းကို ဇွန် ၂၄ရက် ညနေ ၄နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်၂၄၉ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံအပေါ်ဆုံးထပ်ရှိ လူငယ်ဖွံ့ဖြိုးမှု အစီအစဉ်ရုံးခန်းမ၌ကျင်းပမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက ဒေါက်တာနေဝင်း ဖုန်း-၀၉-၅၀၃၇၂၂၅၊ ဒေါက်တာခိုင်စိုးဝင်း ဖုန်း-၀၉-၅၁၃၇၆၉၂၊ ကိုဇင်မိုးဝင်း ဖုန်း-၀၉-၅၀၅၅၇၀၂၊ လူငယ်ဖွံ့ဖြိုးမှု အစီအစဉ် ဖုန်း-၀၁-၃၉၉၀၂၀ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက် အမှတ်(၁) မူလတန်းကျောင်းတွင် ဇွန် ၆ ရက်က ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကိုရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းကြည်နှင့် ရပ်ကွက်ပြည်သူများစုပေါင်းဆောင်ရွက်ကြစဉ်။ (မြန်မာ့အလင်း)

ယာဉ်အားလုံး မြို့ပြင်၌(၈၀)ကီလိုထက် ပိုမမောင်းရ။

မြန်မာ့အလင်း စာတည်းထံပေးစာများ

အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၁၀) မြောက်ရပ်ကွက် နဝရတ်လမ်းနှင့် အိမ်ရာဝင်လမ်း ရွှေသပြေရိပ်မွန်ဘေးရှိ အမှတ်(၃၄)ခရီးသည်ပို့ဆောင်ရေးဂိတ်ဝင်း၌ အမှိုက်သိမ်းကားများဖြင့် အမှိုက်များ လာရောက်စွန့်ပစ်နေလျက်ရှိရာ အမှိုက်ပုံမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာရေးထိခိုက်ရသူ**

ငါးရစ်ငါးသန် ဖမ်းဆီးမှု တားမြစ်ပေးစေလို

စာတည်းရှင့်–

မွန်ပြည်နယ် ဘီးလင်းမြို့အနီး ချောင်းရိုးတစ်လျှောက်အတွင်း ကျားပိုက်များဖြင့်ပိတ်၍ ငါးရစ်ငါးသန်များကို ဖမ်းဆီးနေခြင်းကြောင့် ငါးမျိုးပြုန်းတီးနိုင်ပါသဖြင့် သက်ဆိုင်ရာမှ တားမြစ်ပေးပါရန် တင်ပြအပ်ပါသည်။ **ငါးမျိုးမပြုန်းတီးလိုသူ**

ပျက်စီးနေသောလမ်း ပြုပြင်ပေးပါ

စာတည်းခင်ဗျား–

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ်(၁)ရပ်ကွက် ကုန်သည်လမ်း မြောက်ပိုင်းရှိ လမ်းများသည် ချိုင့်များဖြင့် ပျက်စီးနေသည်မှာ တစ်နှစ်ကျော်ပြီဖြစ်ရာ သွားလာရေး ခက်ခဲနေသောကြောင့် အဆိုပါလမ်းကို ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

ဝက်ခြံမှအနံ့ဆိုး ရှင်းလင်းပြီးဖြစ်

၃၁-၁-၂၀၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် နွယ်နီ ၉ လမ်းအထက် ဝက်ခြံမှ အနံ့ဆိုးများ ပတ်ဝန်းကျင်မခံနိုင်** ပေးစာနှင့် ပတ်သက်၍ ဖယ်ရှားရှင်းလင်းပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

10-6 (10).pmd 1 6/10/2011, 3:04 AM

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၁၉၊ ဇော်ဂျီလမ်းနေ
(ဦးစိန်)-ဒေါ်နှင်းရွှေတို့၏သားလတ်
မောင်ဇော်ဝင်း
B.A (Geography) (ဓေတ္တ-**USA**)
နှင့်
ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၃၈၊ နိဗ္ဗာန်လမ်းနေ
ဦးတင်စိန် (သတင်းတပ်ဖွဲ့-ငြိမ်း)-ဒေါ်သန်းသန်းရီတို့၏သမီးငယ်
မရည်မွန်ထိုက်
B.A (Eco), Dip in Gem (YU) (ဓေတ္တ-**USA**)
တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ နယူးယောက်မြို့တွင် လက်ထပ်ပြီးစီးပါကြောင်း။

မောင်ဇော်ဝင်း-မရည်မွန်ထိုက်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

မမနဲ့ထပ်တူ **ခြောက်ဘာသာဂုဏ်ထူး**ဆွတ်ခူးပေးနိုင်သော ချစ်သမီးငယ်လေး **မခိုင်စပယ်** (ဆမဥ-၁၅၄၂)၊ အထက(၆)၊ မြောက်ဥက္ကလာပ (ရွှေပေါက်ကံ)အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်လျက်-

ချစ်ဖေဖေ - ဦးစောသောမတ်(စ်)1st A/E St JOHN
ချစ်မေမေ - ဒေါ်အေးအေးမြင့်
ချစ်မမ - မဆုမြတ်နိုး (ဒုတိယနှစ်၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)။

ပြင်ဆင်ဖတ်ရှုပါ

၈-၆-၂၀၁၁ရက် ဤသတင်းစာ စာမျက်နှာ၁၃တွင်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ နော်မူးဖော ၁၄/ဒဒရ(နိုင်) ၀၀၂၀၈၀ လှိုင်သာယာမြို့၊ အဆောင် (၁) အခန်း(၈)အစား အခန်း(၇)ဟု ပြင်ဆင်ဖတ်ရှုပါ။

မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ သပြေကုန်းရွာနေ ဦးကြီးမောင်၏သား မောင်ထက်အာကာဇော်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၆-၁၉၉၄ဖြစ်ပါသည်။

မောင်ထက်အာကာဇော်။

မိဘအမည်မှန်

အင်းစိန်မြို့နယ် အမက(၁)ဗဟို၊ ဒုတိယတန်း(E)မှ မဆုသန္တာနွယ်၏ မိဘအမည်မှန်မှာ ဦးတင့်ဝေ ၁၂/မဂဒ(နိုင်)၀၁၆၁၁၇နှင့် ဒေါ်တင်တင် ၁၂/မဂဒ(နိုင်)၀၁၉၉၁၀တို့ ဖြစ်ပါသည်။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊ တိုက် အမှတ်-၂၀၊ ဒုတိယထပ် (ခေါင်းရင်းခန်း)၊ ၁၅ ပေ×ပေ၆၀အကျယ်အဝန်းရှိသောတိုက်ခန်းနှင့်ယင်းတိုက်ခန်းဖြင့် ဆက်နွယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာကြသော ဦးခင်မောင်မြင့် ၁၁/စတန(နိုင်)၀၀၄၃၉၅၊ ဒေါ်ခင်လှကြည် ၁၁/စတန(နိုင်) ၀၂၅၆၄၈တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၄င်းရက်အတွင်း ကျွန်ုပ်ထံသို့အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိခဲ့ပါက အရောင်းအဝယ်အားပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားတော့မည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း(စဥ-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်၊
အမှတ် ၁၀/၁၂၊ပထမထပ်(အေ-၅)၊
၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၉-၂၅၇၃၆၊
၀၉-၅၀-၇၀၆၇၇။

ချယ်ဆီး-မလေးရှား ပွဲစဉ် သွားရောက်ကြည့်ရှုရန် အတွက် လက်မှတ်များ စတင်ရောင်းချပေးနေပါပြီ

ချယ်ဆီးဘောလုံးပွဲကြည့်ရှုရင်း မလေးရှားတွင် ဈေးဝယ်ထွက်နိုင်မည့် အစီအစဉ် နှင့် အခမဲ့ ခရီးသွားရမည့် အခွင့်အရေး

First Line Up

ORGANIZED BY - WAS Holiday, BBC, First Line Up Sports Journal, Snap Shot Journal, Monitor Journal, IDEA Digital Inkjet Printing
Contact : U Than Win, Daw Zar Li, U Thant Zin Win. No 220/222, Botataung Pagoda Rd, PZD T/S, Yangon. Tel : 298845, 01 90 100 53, 90100 54 (Ex : 222)

စာအုပ်စာပေ
လူ့မိတ်ဆွေ

မြန်မာ့အလင်း **နောက်ဆုံးရ နိုင်ငံတကာသတင်း** မိုးမြင့်လင်းလက် - စုစည်းသည်

နယူးဇီလန်အဲလိုင်းမှ ခရီးသည်တင်လေယာဉ် ငှက်တစ်ကောင်နှင့်တိုက်မိပြီး အရေးပေါ်ဆင်းသက်

ဝယ်လ်လင်တန် ဇွန် ၉

နယူးဇီလန်အဲလိုင်းမှ ဘိုးရင်း- ၇၆၇ အမျိုးအစား ခရီးသည်တင် လေယာဉ်ကြီးတစ်စင်းသည် ငှက်တစ်ကောင်နှင့် တိုက်မိပြီး အင်ဂျင်တစ်လုံး ချွတ်ယွင်းမှုကြောင့် ဇွန် ၉ ရက်က အော့ကလန်မြို့လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ၄င်းလေကြောင်းလိုင်း အရာရှိများက သတင်းထုတ်ပြန်သည်။ **(ဓါတ်ပုံ)**

အဆိုပါလေယာဉ်သည် ခရီးသည် ၂၁၆ ဦးကို တင်ဆောင်ကာ နယူးဇီလန်နိုင်ငံ အော့ကလန်မြို့လေဆိပ်မှ ပျံသန်းထွက်ခွာလာပြီးနောက် ပေ၀ဟင်အမြင့်ပေ ၁၈၀၀ အရောက်တွင် ငှက်တစ်ကောင်နှင့်တိုက်မိပြီး လေယာဉ်၏ ဝဲဘက်အင်ဂျင်တစ်လုံး ချွတ်ယွင်းသွားသဖြင့် အော့ကလန်မြို့လေဆိပ်သို့ အမြန်ပြန်လည်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

နယူးဇီလန်အဲလိုင်းမှ အင်ဂျင်နီယာများက ၄င်းလေယာဉ်ကိုစစ်ဆေးခဲ့ရာ လေယာဉ်၏ ဝဲဘက်အင်ဂျင်အတွင်း ငှက်တစ်ကောင်နှင့် တိုက်မိထားကြောင်း တွေ့ရှိခဲ့ရသည်။ ယင်းလေယာဉ် အရေးပေါ်ဆင်းသက်ခဲ့ရသော်လည်း ခရီးသည်တစ်ဦးမျှ ထိခိုက်မှုမရှိကြောင်း သိရသည်။

(အင်တာနက်)

ဖိလစ်ပိုင်၌ မိုးသည်းထန်ပြီးရေလွှမ်း၊ လေးဦးသေဆုံးခဲ့ရ

မနီလာ ဇွန် ၉

ဖိလစ်ပိုင်နိုင်ငံ နေရာဒေသအများအပြားတွင် မိုးသည်းထန်ပြီး ရေလွှမ်းမှုများဖြစ်ပွားရာ လေးဦးသေဆုံးခဲ့ရကြောင်း ဖိလစ်ပိုင် အရာရှိများက ဇွန် ၉ရက်၌ ပြောကြားသည်။

မိုးသည်းထန်မှုကြောင့် မနီလာမြို့အပါအဝင် မင်ဒါနာရီကျွန်း တောင်ပိုင်းကမ်းခြေဒေသများတွင် မြစ်ရေများလျှံပြီး ရေလွှမ်းမှုများ ဖြစ်ပေါ်လျက်ရှိရာ ဒေသခံပြည်သူများ ရေဘေးဒုက္ခနှင့် ကြုံတွေ့ရလျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံရှိ မြို့ပေါင်း ၁၉ မြို့တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းနေမှုကြောင့် နေအိမ်များနှင့် ကားလမ်းများ ရေလွှမ်းလျက်ရှိသည်။ **(အောက်ယာပုံ)**မနီလာမြို့နှင့် အနီးဝန်းကျင်ဒေသများရှိ စာသင်ကျောင်းများလည်း ပိတ်ထားရကြောင်း သတင်းထုတ်ပြန်ထားသည်။

နှောင့်နှေးကြန့်ကြာ

ထို့အပြင် လေဆိပ်များတွင် ရေကြီးရေလျှံနေသဖြင့် ပြည်တွင်းလေကြောင်းလိုင်းများ ဖျက်သိမ်းထားရပြီး အချို့လေကြောင်းလိုင်းများ၏ ခရီးစဉ်အချို့ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လျက်ရှိသည်။

(အင်တာနက်)

KMD Computer Centre

LCCI Accounting Course

Exam Session For Nov / 2011 | Level I + II (Book-keeping & Accounts) 20 - June - 2011 (Mon, Tue & Wed) 5:00pm to 7:00pm

မြန်မာ့အလင်း **ပြည်တွင်းအားကစားသတင်း**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရန် ဘတ်စကတ်ဘောလက်ရွေးစင်များလေ့ကျင့်လျက်ရှိ

သတင်းမှတ်စုနှင့်ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၉

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပဏာမလက်ရွေးစင် ဘတ်စကတ်ဘော အားကစားသမားများအား ရွေးချယ်ပြီး ရန်ကုန်မြို့ ကျိုက္ကဆံ ဘတ်စကတ်ဘော အားကစားရုံ၌ လေ့ကျင့်ပေးလျက်ရှိသည်။

လေ့ကျင့်လျက်ရှိ

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် အမျိုးသမီးအားကစားသမား ၁၈ ဦးသည် နေ့စဉ် နံနက် ၆ နာရီခွဲမှ ၈ နာရီခွဲအထိလည်းကောင်း၊ ညနေ ၄ နာရီမှ ၆ နာရီအထိလည်းကောင်း၊ အမျိုးသားအားကစားသမား ၁၅ ဦးသည် နေ့စဉ် နံနက် ၈ နာရီခွဲမှ ၁၀ နာရီခွဲအထိလည်းကောင်း၊ ညနေ ၆ နာရီမှ ၈ နာရီအထိ လည်းကောင်း နည်းစနစ်မှန်မှန် ပြင်းပြင်းထန်ထန်ဖြင့် နည်းပြရှစ်ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါ ပဏာမလက်ရွေးစင်အမျိုးသား၊ အမျိုးသမီးအသင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ သွားရောက်၍ ဩဂုတ်လမှ စတင်ကာ တရုတ်နည်းပြဖြင့် လေ့ကျင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်

နေပြည်တော် ဇွန် ၉

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Hoang Trung Hai တို့၏ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဆွေးနွေးပွဲခန်းမ၌ ကျင်းပသည်။

တွေ့ဆုံ ဆွေးနွေးပွဲသို့ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး နှင့်အတူ လယ် ယာ စိုက် ပျိုး ရေးနှင့်

စာမျက်နှာ ၃ ကော်လံ ၂ ❖

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် **H.E.Mr. Hoang Trung Hai** တို့ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)